တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

ဒုတိယနေ့အစီအစဉ်

၂-၁၀-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ခန္တီးမြို့နယ်၊ ခန္တီး-ဟုမ္မလင်းဗျူဟာလမ်းမကြီး မိုင်တိုင်အမှတ်(၄၄၅)KMမှ ရပ်နားကျေးရွာထိ (၁/၃)မိုင်၊ နောက်ပဲကျေးရွာ-မိုလွန်းကျေးရွာကြား(၁/၄)မိုင်၊ လယ်ကိုကိုကျေးရွာ-ဟင်ဒူကျေးရွာ-ကျောက်ရွက် ကျေးရွာချင်းဆက်လမ်း(၁၁)မိုင်အား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးဝင်းအတွင်း ၁၉၈၀ခုနှစ်က တည်ဆောက်ခဲ့သော ဟောင်းနွမ်းဆွေးမြေနေသည့် အန္တရာယ်ရှိ မှတ်တမ်းခန်း အဆောက်အဦအား ဖျက်သိမ်း၍ မှတ်တမ်းခန်း အဆောက်အဦအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား နိုင်ငံတော်မှ ထောက်ပံ့ပေးထားသည် အခြေအနေနှင့် ပျက်စီးခဲ့ရသည့် ပညာရေးအဆောက်အဦများအား ပြင်ဆင်နိုင်ရန် ဘဏ္ဍာငွေချထားဆောင်ရွက်နေခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မော်လိုက်မြို့ရှိ ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(c) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၅)၏**

(၁) "ကလေးမြို့၊ မြို့သာရပ်ကွက်၊ မူလတန်းလွန်ကျောင်းတွင် အန္တရာယ်ရှိသော ပင်မအဆောက်အဦအားဖြိုဖျက်၍ RC တစ်ထပ်အဆောက်အဦအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၂) "ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဘုရင့်နောင်လမ်းဘေးရှိ အ.လ.က(ခွဲ) ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် ခြံစည်းရိုးကာရံခြင်းနှင့် ကျောင်းရှေ့ရှိ ဈေးဆိုင်ခန်းများအား ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှိုးမြို့နယ်အတွင်းရှိ အမက(ခွဲ)(၉)ကျောင်းအား အခြေခံပညာဦးစီးဌာန၏ အ.မ.ကကျောင်းများဖွင့်လှစ်ခွင့်စံနှုန်းဖြင့် မတိုင်းတာဘဲ ဝေးလံသည့်ဒေသမှ ကလေးများ မိမိတို့ကျေးရွာ၌ပင် ပညာသင်ကြားနိုင်ရေးအတွက် အထူးကိစ္စရပ်အနေဖြင့် မူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "နန်းယွန်းမြို့ပြည်ထောင်စုလမ်းမကြီး၌ မြို့မ(ယိုဝ)ရပ်ကွက် ရှိန်းဆိုင်ကယ်ဝပ်ရှော့မှ ကြိုင်ရိုင်အထွက်ထိ ဆိုးရွားစွာပျက်စီးနေသော အရှည်(၁၉၆၀)ပေ၊ အကျယ်(၁၈)ပေ၊ ထု(၉)လက်မထုလမ်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မင်းကင်းမြို့နယ်၊ ကံရွာ၊ တောင်ယာတောရွာ၊ ဆယ်ချောင်းရွာနှင့် ကျေးတောင်ဦးရွာများမှ မင်းကင်းမြို့သို့လာရာလမ်းရှိ ရေဘုတ်ချောင်းတံတား ပျက်စီးနေမှုကို သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့ပေါ်ရှိလမ်းများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပြည်သူလူထုသွားလာမှု အဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ကျဉ်းမြောင်းနေသည့်လမ်းအား တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးအောင်လင်းဆန်း၊ ရွှေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းမြို့၊ ရွှေမင်းဝံ(၁၁)လမ်း ရွှေတောင်ဦးကျောင်းတိုက်မှ ရှင်ချမ်းမိဘမဲ့ဂေဟာ အပေါက်ဝ အထိ လမ်းအရှည်(၃၅၂၀)ပေ၊ လမ်းအကျယ်(၁၄)ပေ၊ အနံ(၉)လက်မရှိသော ဂဝံ မြေသားလမ်းအား ကွန်ကရစ်လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဋ) **ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "အရာတော် မြို့လယ် ဆောက်လုပ်ရေးဦးစီးဌာနရုံး မျက်နှာစာအဝင် ဈေးဖြတ်လမ်း(၇၅၀×၂၀)ပေ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဌ) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "တမူးမြို့၊ မြို့မ ဘုန်းတော်ကြီးကျောင်းမှ ဟဲဇင်း-ရေအေးလမ်းခွဲအထိ ပျက်စီးနေသောလမ်း နေရာ များအား ကတ္တရာထပ်ပိုးလွှာခင်းပေးရန်နှင့် လမ်းပခုံးသားများ မြှင့်တင်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။